# ပါဝင်သင့်သူများမပါဘဲရေးဆွဲမည့် စစ်အစိုးရ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် အမေရိကန်ရှုတ်ချ
၅ ဒီဇင်ဘာ ၂၀၀၇

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ဒီဇင်ဘာ ၃ ရက်နေ့က စတင်ရေးဆွဲနေပါပြီ။ ရေးဆွဲတဲ့အထဲမှာ ဥပဒေပညာရှင်တွေ၊ တိုင်းရင်းသားဥပဒေအဖွဲ့ရတွေပါ လုံလုံလောက်လောက်ပါဝင်နေလို့ ပြည်ပကအကြံပေးတာ၊ ကူညီတာတွေ မလိုအပ်ကြောင်း စစ်အစိုးရ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့ပါတယ်။

ဒီလိုပြောဆိုမှုတွေဟာ ကုလသမဂ္ဂဘက်က မြန်မာပြည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်ဖို့ ကြားဝင်စေ့စပ်ပေးနေတဲ့ကိစ္စတွေနဲ့၊ ပြောတာတွေနဲ့ ကွဲလွဲနေပါတယ်။ ကုလသမဂ္ဂဘက်က မြန်မာ့နိုင်ငံရေးအင်အားစုတွေ အားလုံးပါဝင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကိစ္စလုပ်ကြဖို့ ပြောဆိုနေတာပါ။ ဒီလို ကုလသမဂ္ဂဘက်ကပြောဆိုတာတွေကို လက်မခံတဲ့သဘော မြန်မာစစ်အစိုးရဘက်က ပြောဆိုတုံ့ပြန်တာတွေနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရကလည်း မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်တွေအပေါ်မှာ ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ အကြောင်းစုံကို ဒေါ်လှလှသန်းက တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရက တနင်္လာနေ့က နေပြည်တော်မှာကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အရင်ကမပါဝင်ခဲ့တဲ့ နိုင်ငံရေးပါတီတွေကို အခုပါဝင်ခွင့်ပြုဖို့ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ဘူးဆိုတဲ့ ၁၉၉၀ ခုရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရရှိခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ကို အမည်ထည့်မပြောပေမယ့် အဲန်အယ်လ်ဒီကို အဓိကရည်ညွှန်းတယ်လို့ ယူဆရတဲ့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ ပြောဆိုချက်ကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကနေ စိုးရိမ်မကင်းဖြစ်မှုတွေ ထွက်ပေါ်နေချိန်မှာပဲ အမေရိကန် နိုင်ငံခြားရေးဌာနက ဒီဇင်ဘာလ ၄ ရက်နေ့မှာ ပြစ်တင်ဝေဖန်တဲ့ကြေညာချက်ကို နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရှောင်မက်ကောမက် **(Sean McCormack)** ရုံးက ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

> "မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားတိုင်းရင်းသားလူနည်းစုခေါင်းဆောင်တွေ အနှစ်သာရရှိရှိ ပါဝင်ခွင့်ရဖို့ဆိုတာကို စစ်အစိုးရက ပယ်ချလိုက်တဲ့အတွက် အမေရိကန်ပြည်ထောင်စုက ဝေဖန်ရှုတ်ချပါတယ်။ မြန်မာ့ဒီမိုကရေစီရေး အသွင်ကူးပြောင်းရေးအတွက် မြန်မာ့နိုင်ငံရေးအုပ်စုတွေ အားလုံးပါဝင်နိုင်တဲ့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေး စတင်ဖို့ဆိုတာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့ရဲ့အစိုးရမှာ စိတ်ဆန္ဒသဘောထား မရှိဘူးဆိုတာ အခုဒီဇင်ဘာလ ၃ ရက်နေ့က သံတမန်တွေကိုပြောခဲ့တဲ့ စစ်အစိုးရရဲ့ထုတ်ပြန်ချက်က ရှင်းရှင်းလင်းလင်းဖော်ပြလိုက်တာပဲဖြစ်ပါတယ်။
>
> "ဒီတွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ဆိုတာကို မြန်မာ့အိမ်နီးချင်းနိုင်ငံတွေရော၊ အာဆီယံရော၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် ဂမ်ဘာရီရော၊ လုံခြုံရေးကောင်စီကပါ တောင်းဆိုထားကြတာဖြစ်ပါတယ်" လို့ အမေရိကန်နိုင်ငံခြားရေးဌာန အရာရှိတဦးက ကြေညာချက်ကို ကိုးကားဖတ်ပြသွားပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ပတ်သက်လို့ အတိုက်အခံအင်အားစုဘက်က သဘောထားကိုလည်း နိုင်ငံခြားရေးဌာနရဲ့ကြေညာချက်မှာ ထောက်ပြထားရာမှာတော့ ...

> "ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာစစ်အစိုးရခေါင်းဆောင်တွေနဲ့ အဓိပ္ပာယ်ရှိပြီး အချိန်ဇယားသတ်မှတ်မှုရှိတဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ဖို့ စိတ်ပိုင်းဖြတ်ထားပုံရှိတယ်ဆိုတာကို သူ့ရဲ့ နိုဝင်ဘာလ ၈ ရက်နေ့ ကြေညာချက်ထဲမှာ ရှင်းရှင်းလင်းလင်းပြောထားပါတယ်။ ဒ့ါအပြင် ဒီလိုဆွေးနွေးမှုတွေဖြစ်လာဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ဝင်ရောက်ညှိနှိုင်းမှုကို ကြိုဆိုတယ်ဆိုတာကိုလည်း ပြောထားပြီးသားပါ။ ဒါကြောင့် မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ထွန်းရေး တိုးတက်မှုတွေကို နှောင့်ယှက်ဟန့်

တားနေသူတွေဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့ရဲ့ ထိပ်ပိုင်းစစ်ဗိုလ်ချုပ်တွေပါပဲ” လို့ အမေရိကန် နိုင်ငံခြားရေးဌာန အရာရှိတဦးက ပြောသွားတာပါ။

ဆက်လက်ပြီး မြန်မာစစ်အစိုးရက နိုင်ငံရေးအကျဉ်းသားတွေအပါအဝင် တချို့အကျဉ်းသားတွေကို လွှတ်ပေးခဲ့တာနဲ့ပတ်သက်လို့လည်း နိုင်ငံခြားရေးဌာနက အခုလိုတုံ့ပြန်လိုက်ပါတယ်။

“အခုသီတင်းပတ်အတွင်း စစ်အစိုးရဘက်က အကျဉ်းသားတချို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်လို့ ကြေညာပေမယ့် ခုချိန်ထိ မြန်မာအကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားပေါင်း ၁၈၀၀ လောက် ဖမ်းဆီးထိန်းသိမ်းခံနေရဆဲပါ။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးပြီး မြန်မာနိုင်ငံမှာ အရပ်ဖက်ဒီမိုကရေစီအစိုးရတရပ် အသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာစေဖို့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားလူနည်းစုတွေနဲ့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးလုပ်ပါလို့ အမေရိကန်ပြည်ထောင်စုအနေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ထပ်မံတောင်းဆိုပါတယ်” အမေရိကန်နိုင်ငံခြားရေးဌာန ကြေညာချက်မှာ ဖော်ပြထားတာဖြစ်ပါတယ်။

ဒီအတောအတွင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နိကိုလပ်စ်ဘန်းစ် (Nicholas Burns) က ဒီဇင်ဘာ ၃ ရက်ကနေ ၆ ရက်နေ့အထိ စင်ကာပူနဲ့ ဩစတြေးလျနိုင်ငံတို့ကို သွားရောက်မှာဖြစ်ပြီး အမေရိကန်နဲ့ အာဆီယံကြား ဆွေးနွေးမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ စင်ကာပူကို မဟာဗျူဟာကျတဲ့ မိတ်ဖက်နိုင်ငံအဖြစ် သဘောထားပြီး အထူးသဖြင့် အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ မဟာမိတ်အဖြစ်ထောက်ခံခဲ့တာကို ကျေးဇူးတင်ကြောင်းလည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။ အာဆီယံနိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာစစ်အစိုးရနဲ့ အတိုက်အခံ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားလူနည်းစုတွေကြား စစ်မှန်တဲ့ အချေအတင်ဆွေးနွေးမှုတွေ စတင်နိုင်ဖို့ တနိုင်ငံချင်းစီရော၊ အသင်းကြီးလိုက်ရော ဝိုင်းဝန်းထောက်ခံမှုပေးဖို့နဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းပေးဖို့ အရေးကြီးကြောင်းလည်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နိကိုလပ်စ်ဘန်းစ်က ဒီဇင်ဘာ ၃ ရက်နေ့ ကြေညာချက်မှာ တိုက်တွန်းထားတာလည်း တွေ့ရပါတယ်။